ဆရာကြီးယုဒသသန် ၏မှတ်သားဖွယ်ရာစကားများ

1. အို ဘုရားသခင်၊ ကိုယ်တော်ဟာ ကျွန်ုပ်နှင့် အတူ ရှိပါလျက်နဲ့ ဘာဖြစ်လို့ ဒီလောက်ပြင်းပြတဲ့ ဒုက္ခဝေဒနာကို ခံစားနေရဒါလဲ.. ခရစ်တော် အတွက်သာ မဟုတ်ခဲ့ရင်.....
2. ဘုရားသခင်ကတိတော်အတိုင်း မြန်မာနိုင်ငံ အဖို့ ရှေ့အနာဂတ်သည် ထွန်းလင်းတောက်ပါနေသည်။
3. In joy or sorrow, health or pain

   Our Course be onward still

   We sow on Burma's barren hill

   We reap on Zion's hill

   မြန်မာ အဘိဓာန် စာအုပ် အတွင်း အဖုံးပေါ်တွင် ခဲတံဖြင့် ရေးသားထားသည်မှာ... "ဒုက္ခ၊ သုက္ခ ဘယ်လိုတွေ့တွေ့၊ ရှေ့သို့ဆောင်ရွက်ရမည်။ မြန်မာလွင်ပြင် ငါတို့ကြဲ၍ ဇိအုန်ထိပ် ၌ ရိတ်ရမည်"
4. သမ္မာကျမ်းစာ ကို ပြန်ဆိုနေစဉ် ပြောခဲ့သော စကားမှာ.. "ကျွန်တော် စာရေးစဉ် မျက်ရည်ကျခဲ့ ရသည်။ ကျွန်တော်ရဲ့ အကြီးမြတ်ဆုံးသော တာဝန်မှာ ဧဝံဂေလိ တရားဟောပြောဖို့ ဖြစ်ပါသည်။ သို့ရာတွင်... သမ္မာကျမ်းစာကို ဘာသာပြန်ဆိုခြင်းမှာလည်း ခရစ်ယာန်ဘာသာ မြန်မာနိုင်ငံ၌ တည်ဆောက်ရာတွင် အရေးအကြီးဆုံးဖြစ်သည်"
5. သခင်ခရစ်တော်ကို နှလုံးသားထဲမှာသာ ထားပြီး အများသူငှာ ရှေ့မှာ ငြင်းပယ်ရင်၊ တပည့်တော် တစ်ယောက်လို့ မခေါ်နိုင်သေးဘူး
6. တာရှည်စွာ ခံစားရအောင် ဆင်းရဲခြင်းများအား ဘုရားသခင်ထံအပ်နှံလိုက်၏။ အို..ချမ်းသာသုခကို ပေးသော လက်ဝါးကားတိုင်တော်ကြောင့် ကြီးစွာသော ဒုက္ခအတွက် ကျေးဇူးတင်ပါ၏။ ခါးသီးစွာ ခံစားရခြင်းသည်ပင်လျှင် ချိုမြလှပါတကား။
7. ညီအစ်ကိုတို့.. ယေရှုကို စေ့စေ့ကြည့်ပါ။ မျက်နှာတော်ကို မြင်ခြင်းအားဖြင့် နှစ်သိမ့်မှုနှင့် ရွှင်လန်းမှုကို ရပါမည်။ ဝေဒနာ ခံစားရသောအခါ ယေရှုကို ကြည့်ပါ။ ယေရှုက အသက်ပေးမည်။ တရားစီရင်ရာ ကာလတွင်လည်း ယေရှုကိုကြည့်ပါ။ သင့်အားယေရှုကယ်တင်မည်။
8. Ann Judson ၏ မှတ်တမ်း၌လည်း သည်းမခံနိုင်ဖွယ် အခြေအနေများ ကြား၌ မည်ကဲ့သို့ ရုန်းကန် သက်ရှင်ရကြောင်း ဖော်ပြထားပါသည်။ "မထင်ရှား မှုန်ဝါးသော ရှေ့ရေးကြောင့်၊ ရက်အတန်ကြာ စိတ်အားပျက်ရသည်။ အမှုဆောင် သာသနာ လုပ်ငန်းနှင့် စပ်လျဉ်း၍ အရာရာတိုင်းသည် မသေမချာ၊ မရေမရာ မှုများသာတည်း။ ယုံကြည်ခြင်းဖြင့် အသက်ရှင်ရန် ခက်ခဲလှပြီ၊ ရှေ့ဆက် အနာဂတ်မှာ မှောင်မဲ၍ ကိုယ်တော်အား အကြွင်းမဲ့ကိုးစားရန်၊ အခက်အခဲ တွေ့နေရ၏။ သို့သော်လည်း အခြေအနေများ ရှင်လင်း ထင်ရှားလွယ်ကူနေပါက ကိုယ်တော်ကို ကိုးစားစရာ အခွင့် ဘယ်မျှလောက်ရှိလေမည်နည်း။ ထို့ကြောင့် မြည်တွန်ညီးတွား ပြခြင်းအစား ဝမ်းမြောက်ရသော အခွင့်ကို ပေးပါ။ သဘောသဘာဝ အလျောက် အမှီပြုတတ်သော အရာများ အား ဖယ်ရှားလျက် ကိုယ်တော် ဘုရားအား ကိုးစားရန်သာ ကြပ်ကြပ် သွေးဆောင် သူ ကောင်းကင်ဘုံရှင် အဘ အား ကျေးဇူးတော် ချီးမွမ်းလိုစိတ်ကို ပေးတော်မူပါ"
9. မြန်မာပြည်၏ သာသနာပြု ဆရာကြီး ဒေါက်တာ ဂျဒ်ဆင်က "ဘုရားသခင်သည် စိတ်ပျက် အားလျော့ ခြင်းမရှိသော ဆုတောင်းသံကို နှစ်ခြိုက်တော်မူသည်။ ဤသို့ မဟုတ်သည့် ဆုတောင်းခြင်း များအတွက် ကောင်းကြီးများစွာ မပေးလိုကြောင်း ဖော်ပြသည်။ လူသားတို့ အနေဖြင့် ဘုရားသခင် လိုလိုလားလား နှင့် အသင့် ပြင်ဆင်ထားသော ကောင်းကြီး မင်္ဂလာများများကို ထိုက်တန်စွာ ရယူနိုင်ဖို့ ဤ အချက်ကို အလေးအနက် ပြုရမည်။ မဖြစ်မနေ ပြင်ဆင်ရမည်။"

"မြန်မာနိုင်ငံ နှစ်ခြင်း ခရစ်ယာန် အသင်းချုပ်"
၂၀၁၁ ခုနှစ် ဇူလိုင်လ (၁၀) ရက် Judson Sunday